
mgyoe.com



# အဏ္ဏဝါနှင့်အဘိုးအို

တင့်တယ်

# The Old Man and the Sea

Ernest Hemingway

mgyoe.com

ဒုတိယအကြိမ်

mgyoe.com



# THE OLD MAN AND THE SEA

ERNEST HEMINGWAY



FIC0130
1,500.00 KS

mgyoe.com

အဏ္ဏဝါနှင့်အဘိုးအို၊ တင့်တယ်
စာမျက်နှာ ၁၂၄ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၄ ထုတ် ပထမအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်


# အဏ္ဏဝါနှင့်အဘိုးအို

# THE OLD MAN and THE SEA

**Ernest Hemingway**

## တင့်တယ်

မြန်မာပြန်




ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အဏ္ဏဝါနှင့် အဘိုးအို

ဘသည် ဖေအိုကြီးတစ်ယောက် ဖြစ်သည်။ ရေပူစီးကြောင်းထဲ၌ လှေငယ်တစ်စင်းဖြင့် အထီးကျန်နိုင်လှစွာ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ငါးရှာရသည်သာဖြစ်ချေသည်။ လေးဆယ့်ရှစ်ရက်တိုင်သော ကာလတို့သည် ကုန်ဆုံးခဲ့လေပြီ။ သို့သော် ငါးတစ်ကောင်မျှ မရသေး။ အော်... ကံမှေးလေစွ အဘအို...။ ပထမရက်ပေါင်း လေးဆယ်တုန်းကဆိုလျှင် ဖေအိုကြီးမှာ အပျင်းဖြေစရာ ဖော်သဟာ၊ ကူညီညာသော သူငယ်တစ်ယောက်နှင့် နှစ်ယောက်ပေါင်းကာ လောင်းကျော်ခဲ့ရသည်။ တိုးတိုးဖော် ရခဲ့သေးသည်။ ယခုမူ ဤကဲ့သို့ မဟုတ်ချေတော့ပြီတကား။

ငါးတစ်ကောင်တစ်မြီးမျှမမိ မဖမ်းမဆီးနိုင်သောအခါ၌ တိုးတိုးဖော်ကလေး၏ မိဘများသည် သူတို့ သားကလေးကို ကံမွဲ အဖေအိုကြီးထံ၌ ဆက်၍အလုပ်မလုပ်စေတော့ဘဲ အခြားသော တံငါလှေတစ်စင်းဝယ် အလုပ်ဆင်းစေသည်။ ယင်းတံငါလှေသည် သီတင်းတစ်ပတ်အတွင်း၌ အဆီရွှမ်းသော ငါးကြီးသုံးကောင်တို့ကို ဖမ်းမိလေတော့သည်။

mgyoe.com

mgyoe.com


ဖေအိုကြီး နေ့စဉ်နေ့တိုင်း ဝမ်းနည်းစိတ်ပျက် လှေခွက်ချည်းသက်သက်နှင့် ပင်လယ်မှ ပြန်လာရသည်ကို မြင်ရသောအခါတိုင်း တိုးတိုးဖော်ကလေးသည် နုန့်နီနုန့်နဲ့ အင်အားချည့်ယဲ့နေသော ဖအေအိုကြီး၏ ငါးဖမ်းလှေပေါ်မှ ကြိုးခွေများကိုလည်းကောင်း၊ ငါးထိုးမှိန်းကိုလည်းကောင်း၊ မှိန်းအိမ်ကိုလည်းကောင်း ကူညီ၍ သယ်ချပေးရသည်မှာ ထာဝစဉ် ဝတ္တရားတစ်ခုဖြစ်၍ နေခဲ့ပေသည်။ ရွက်တိုင်ခွင်တွင် ပတ်၍ထားသော ရွက်ကို ရွက်ရော တိုင်ပါထမ်း၍ ကမ်းနားသို့ သယ်ပို့ရလေသေးသည်။ ဖအေအိုကြီး၏ ရွက်ကိုဖြန့်ကာ ကြည့်မည်ဆိုပါက ဂုံနီမှုန့်အိတ်များနှင့် ဖာ၍ထားသည်ဖြစ်သောကြောင့် အောင်လံမဟုတ်၊ ထာဝရအရှုံးကို သာဓကထုတ်၍ပြနေသော အလံစုတ်တစ်ခုနှင့်သာ တူ၍နေသည်ကို တွေ့ကြရမည်ဖြစ်လေသည်။

ဖေအိုသည် ကြုံ၏။ လှီ၏။ ကုပ်ပိုး၌ပင်လျှင် ဇရာ၏ နိမိတ်ဖြစ်သော အရေးအကြောင်း အတွန့်အလိပ်တို့သည် မင်းမှု၍နေကြပေပြီ။ သေမင်းအောင်လံ ထူဘိသကဲ့သို့တည်း။ ထိုမျှမကသေး အဖေအိုကြီး၏ တွန့်လိပ်သော ပါးရေပြားပေါ်၌ ကြွပ်တက်၍နေသော အရေပြားသည် ပြင်းထန်လှသော နေရောင်ခြည်၏ဒဏ်ကို ခံနိုင်ရည်ရှိအောင် ထူလပျစ် အပြင်ကြီးဖြစ်၍ နေကြပေသည်။ ယဉ်စွန်းတန်း နေ၏အပူရှိန်သည် ပြင်းထန်လွန်းလှသည်တကား။ နုနယ်သော လူ့အသားကိုပင် အသားမာတက်၍ ကျစ်စေခဲ့ပေပြီ။ အသားမာများသည် မျက်နှာ၏ အထက်ပိုင်းမှ အောက်ပိုင်းအထိ နေရောင်ခြည်၏အစွမ်းကြောင့် ဖုံးလွှမ်းစိုးမိုး၍ လာကြ၏။ ငါးကြီးများဆွဲရာသို့ ပါသောကြိုးများက ရှလွန်းသဖြင့် အဖေအို၏ လက်များမှာ ကြိုးပွန်းသောဒဏ်ရာများကို မရှုမလှခံရကာ နက်ရှိုင်းသော အနာရွတ်ကြီးများသည်လည်း ပင်ပန်းဆင်းရဲလှစွာသော အဖေအိုကြီး၏ ဘဝကို သက်သေခံ၍ နေကြလေသည်။ ထိုဒဏ်ရာများကို ရခဲ့ပြီးနောက်

mgyoe.com

mgyoe.com


ထိုဒဏ်ရာများဖြစ်ပေါ်၍ လာခဲ့ကြသော အချိန်များမှာ နှောင်းခဲ့သော အချိန်များက ဖြစ်သည်။ ဒဏ်ရာသစ်များ မဟုတ်ကြချေ။ ပုံပမာပြုသော်... ထိုဒဏ်ရာဒဏ်ချက်များသည် ခေါင်းပါးလှစွာသော ပင်လယ်အို၏ ကြမ်းပြင်အောက်တွင် ဖြစ်ပေါ်နေကြသည့် ပပ်ကြားအက်ကြီးများနှင့်ပင် ပမာနှိုင်းစရာဖြစ်၍ နေလေတော့သည်။ ငါးမရှိသော ပင်လယ်ပြင်ကြီးများ၏ ပပ်ကြားအက်ကြီးများသည် ငါးမရသော လက်များ၌ရှိသည့် ပပ်ကြားအက်ကြီးများနှင့် တူလှချေသည် တကား...။

အဖေအိုကြီးသည် ဘယ်နေရာကပင်ကြည့်စေ...၊ အကဲခတ်စေကာမူ ဇရာရိပ်အတိ ပြွမ်းသည်။ သို့သော် ဖေအိုကြီး၏ မျက်လုံးများမှာကား ရှင်သန်လျက်ပင် ရှိသေးသည်။ ပြုံးရွှင်တတ်သေးသည်။ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်၏ အစွမ်းပေတကား...။

တစ်ခါတစ်ခါ၌ တပည့်ဖြစ်သူက လဟာပြင် အထက်ပိုင်းသို့ လှေကိုဆွဲ၍တင်ကြရင်း "အဘ စန်တီယာဂိုရေ... ကျွန်တော်တော့ အတော်ကလေး ငွေရှာလို့ရပြီ။ ပင်လယ်ထဲကို အတူတူထွက်ကြဦးစို့" ဟု အဖော်ညှိတတ်သည်။ သူငယ်ကလေးအား ဖအေအိုသည် ပင်လယ်နှင့်စပ်၍ တတ်သင့်တတ်ရာသော ပညာများကို အကြွင်းမဲ့ သင်၍ပေးခဲ့လေသည်။ ထို့ကြောင့်ပင် ထိုမြေးသည် အဘိုးကိုခင်မင်၍နေခြင်း ဖြစ်လေသည်။

အဘတံငါအိုက "ငါနဲ့အတူတူ မသွားပါနဲ့ကွယ်... မင်း အခုသွားနေတဲ့လှေနဲ့ မင်းဟာ ကံကောင်းတယ်မဟုတ်လား... သူတို့နဲ့သာ တူတူသွားပေါ့ကွဲ့" ဟု ပြော၏။

သို့တိုင်အောင် မြေးငယ်က "မဟုတ်ပါဘူး အဘိုးရယ်...၊ ကျွန်တော်နဲ့ အဘိုးဟာ ရက်ပေါင်းရှစ်ဆယ့်ခုနစ်ရက်ကြာသော် ငါးတစ်ကောင်မှ ဖမ်းမမိခဲ့ကြဘူး။ ဒါပေမဲ့ နောက်သီတင်း သုံးပတ်ဆက်ပြီး

mgyoe.com

mgyoe.com


တော့ ကျွန်တော်တို့ ငါးကြီးတွေရခဲ့ကြတယ် မဟုတ်လား" ဟု ဖြေ၏။

အဘအိုက "အေးကွယ်... အဲဒါကိုတော့ ငါကောင်းကောင်း မှတ်မိပါတယ်။ အဲဒီကိစ္စပြီးတဲ့နောက်မှာ မင်း ငါ့လှေကခွာပြီး တခြားမှာ အလုပ်သွားလုပ်တာကတော့ ငါ့ကံကြမ္မာကို ယုံမှားသံသယရှိလို့ မဟုတ်တာမှန်းကို ငါသိပါတယ်ကွယ်" ဟု ပြန်၍ ဖြေလေသည်။

"အဲဒီတုန်းကတော့ အဘရယ်... ကျွန်တော်က အသက်ခပ်ငယ်ငယ်ပဲရှိသေးတယ် မဟုတ်လား။ ဒီတော့ အဖေ့စကားကို ကျွန်တော် နားထောင်ခဲ့ရတာပေါ့"

"အေးကွယ်... ငါနားလည်နိုင်ပါတယ်"

အဘိုးအိုက ဤသို့ဖြေလိုက်လေသည်။

"အဖေဟာ... ကံကြမ္မာကို ယုံကြည်တဲ့လူ မဟုတ်ဘူး အဘိုးရဲ့"

"အေး... အဲဒါမှန်တယ်။ ဒါပေမဲ့ တို့ဟာ ကံကြမ္မာကို ယုံတယ် မဟုတ်လားကွယ်..."

"ဟုတ်ပါတယ် အဘိုး...၊ ကဲပါအဘိုးရယ်... ကျွန်တော် အဘိုးကို ဘီယာတိုက်မယ်။ ပြီးတော့မှ ကျွန်တော်တို့ လှေပေါ်က ပစ္စည်းတွေကို ကုန်းပေါ်တင်ကြတာပေါ့ ဟုတ်လား..."

"အေး... ဟုတ်တာပေါ့"

ခဏကြာသောအခါတွင် အဘိုးနှင့်မြေးတို့သည် ဘီယာဆိုင်သို့ ရောက်သွားကြလေသည်။ အခြားသော တံငါများက အဘိုးကိုနောက်ကြပြောင်ကြသည်။ အဘိုးကလုံးဝ စိတ်မတိုချေ။ အချို့သော တံငါများကမူ အဘိုးကိုကြည့်ကာ သနား၍နေကြလေသည်။ သို့သော် အဘိုးက မဖြုံချေ။ အခြားတံငါများသည် အဘိုးကို သနားသောအားဖြင့် ရေစီးကြောင်းများ၏ အကြောင်း၊ မည်မျှနက်ရှိုင်းသည်အထိ သူတို့မျှောကာ လိုက်ရသည့်အကြောင်း၊ ရာသီဥတုဆက်လက်ကောင်းမွန်ရန်အကြောင်း၊ သူတို့

mgyoe.com

mgyoe.com


အဘယ်ပုံတွေ့မြင်ခဲ့ရသည်ဆိုသော အကြောင်းများကို တခုတ်တရ လုပ်၍ပြောဆိုနေကြလေသည်။ ထိုနေ့က ပင်လယ်ပြင်တွင် ပျော်ပွဲဆင်၍လာခဲ့ကြသော တံငါသည်တို့သည် ဆိပ်ကမ်းသာသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသောအခါ၌ လှေများကို ကြက်ဆူးနပန်းရိုက်နှက်ဆိုက်ကပ်ကြပြီးလျှင် သူတို့ ဖမ်းမိခဲ့သော ငါးကြီးများကို ဇီဝိန်ခြွေ၍ပြီးကြသည့်နောက်ပိုင်း၌ ငါးအသေကောင်များကို ကုန်းပေါင်နှစ်ချပ်ယှဉ်၍ထိုးကာ ကုန်းဘက်သို့ သယ်ယူပို့ဆောင်လျက်ရှိနေကြလေသည်။ ကုန်းပေါင်နှစ်ချပ်ပေါ်တွင် ငါး၏အလေးချိန်ကို ဒယီးဒယိုင် သယ်ဆောင်၍နေကြသော တံငါများသည် ငါးကိုအပိုင်းပိုင်းဖြတ်ပြီးနောက် ရေခဲရိုက်ပေးသည့် မော်တော်လော်ရီနှင့် ဟာမာနမြို့သို့ ငါးအတစ်လိုက်ကြီးများကို သယ်ဆောင်ရန် အားခဲလျက်ရှိနေကြပြန်လေသည်။ ဆိပ်ကမ်းသာ၏ တစ်ဖက်တွင် ငါးများကိုသာလျှင် သီးခြားပြုပြင်သော ရုံတစ်ရုံရှိသည်။ ငါးမန်းဖမ်းမိသော တံငါသည်တို့သည် ဖမ်း၍ရမိသော ငါးများကို ထိုစက်ရုံဆီသို့ ယူဆောင်သွားနေကြသည်။ ရောက်သောအခါ၌ ငါးမန်းအတစ်များကို စက်သီးကြိုးများနှင့် ဆွဲတင်ကာ လှေပေါ်မှ ကုန်းပေါ်သို့ ပို့ဆောင်လျက်ရှိကြသည်။ အချို့က ငါးမန်းတို့၏ အသည်းနှလုံးများကို ထုတ်ယူကာ သီးခြားထား၍နေကြ၏။ အချို့ကမူ ငါးမန်းဆူးတောင်များကို ဈေးကောင်းကောင်းနှင့် ရောင်းချရန် ဖယ်၍ထားနေကြသည်။ အချို့ကမူ ငါးမန်းရေများကို အသေအချာ ဆုတ်ခွာ၍ ယူကြပြီးနောက် ငါးမန်းသားများကို ဆားပက်၍ ငါးမန်းခြောက်လုပ်ရန် ကြိုးစား၍ ပြုပြင်နေကြလေသည်။

လေသည် အရှေ့ဘက်မှနေ၍ တိုက်ခတ်လာသောအခါ၌ ဆိပ်ကမ်းရိပ်ငြိမ်၏ စက်ရုံတည်ရာဘက်မှ ငါးမန်းစက်ရုံဆီတွင် ထူးခြားသော အနံ့တစ်မျိုးသည် ပေါ်ထွက်၍လာ၏။ ထိုအနံ့မှာကား ငါးမန်းဆီ

mgyoe.com

mgyoe.com


အနံ့ပင် ဖြစ်လေတော့သည်။ ဤနေ့အဖို့တွင်မူကား လေသည် အတန်ငယ် ဆော့ကစားပြီးသည့်နောက်တွင် မြောက်ဘက်သို့ ပြန်၍ ဝန်းဝိုက်ကွေ့လည်သွားပြန်လေသည်။ ပြီးလျှင် လေသည် ငြိမ်၍သွားပြန်၏။ ထို့ကြောင့် ကုန်းပေါင်တစ်လျှောက်တွင် သာယာပြန့်ပြူးလျက် နေရောင်ခြည်ကလည်း ရွှင်ရွှင်ပျပျ ဖြစ်၍နေလေသည်။

"ဆန်တီယာဂို" ဟု လူငယ်က ခေါ်လိုက်ပြန်လေသည်။

"ဘာတုံးကွ" ဟု အဘိုးအိုက ပြန်၍ထူးလိုက်ပြီးလျှင် သူ၏အရက်ခွက်ကိုကိုင်ရင်း အဘိုးအိုသည် ရှေးဟောင်းနောက်ဖြစ်များကိုတွေးတောနှစ်ခွကြံဒွိဟဖြင့်... သတိအစပျောက်၍ နေဘိသကဲ့သို့ ဖြစ်နေလေသည်။ လွန်ခဲ့သော နှောင်းနှစ်ကာလတို့အပေါ်၌ သူ၏အာရုံတို့သည် ကျက်စားလျက်ရှိနေကြပေသည်။

"နက်ဖြန်ခါကြရင် အလုပ်လုပ်ဖို့လိုမယ့် ဆာဒင်းကြီးငါးတွေကို ကျွန်တော်သွားပြီး ယူထားလိုက်မယ်နော်"

လူငယ်က အဘိုးအိုကို ပြော၏။

"နေပါစေကွယ်...၊ မင်းသွားပြီးတော့ ဘောလုံးကစားပါလား။ ငါ့ဘာသာငါ ငါးဖမ်းထွက်နိုင်ပါသေးတယ်...။ ပြီးတော့ ရိုဂယ်လီယိုကလည်း ငါနဲ့တူတူလိုက်ပြီးတော့ ကွန်ပစ်နိုင်ပါသေးတယ်ကွဲ့"

အဘိုးအိုက ဤသို့ပြန်၍ပြောလိုက်လေသည်။

"မဟုတ်ပါဘူး အဖေအိုရယ်...၊ ကျွန်တော်လေ... အဖေအိုကြီးနဲ့သာ ငါးဖမ်းထွက်ချင်တဲ့လူပါ...၊ အဖေအိုကြီးနဲ့ မလိုက်ရရင်တောင်မှ... ဖေအိုကြီးကို ကူချင်တဲ့လူတစ်ယောက်ပါ"

"အေးလကွာ... မင်းလူလားမြောက်နေပြီဆိုတာကို ဖေကြီး သိပါတယ်ကွာ...၊ မင်းအခုအဖေကြီးကိုတောင် ဘီယာတိုက်နေပြီ မဟုတ်လား"

mgyoe.com

mgyoe.com


"နေပါဦး... အဖေအိုကြီးရ...၊ ကျွန်တော် အဖေအိုကြီးနဲ့စပြီး လှေလိုက်ရတုန်းက ကျွန်တော်အသက် ဘယ်လောက်ရှိပြီလဲ"

"အံမာ... မင်းကလည်း... မမှတ်မိဘဲ နေနိုင်ရန်ကော...၊ ဖေကြီးလှေနဲ့ မင်းလက်ဦးလိုက်တဲ့ အခေါက်တုန်းက... မင်းဟာ အသက်ငါးနှစ်ပဲ ရှိသေးတယ်...။ အဲဒီ... အခေါက်တုန်းက... ငါးကြီးတစ်ကောင်တို့ ရတယ်လေ... မှတ်မိသေးရဲ့လား...၊ ငါးက မသေမရှင်ကြီးမို့... ရုန်းလိုက် ကန်လိုက်တာ မပြောပါနဲ့တော့ကွာ... လှေတောင်ကွဲပြီးထွက်တော့မယ့် အတိုင်းပဲ မင်း မှတ်မိသေးရဲ့လား"

"ဟာ... မမှတ်မိဘဲရှိပါ့မလား အဖေကြီးရ...၊ ငါးကြီးက မသေမရှင်နဲ့... လှေပေါ်မှာ လူးလိုက်လွန့်လိုက်တာမှ မပြောပါနဲ့တော့... သိမ့်သိမ့်ကို ခါနေတာပဲ...။ အဲဒီငါးကြီးကို ခေါင်းကိုမနည်းထုပြီးတော့ သတ်ကြရတယ် မဟုတ်လား... ငါးခေါင်းကိုထုတုန်းက... ဖေကြီးက ကျွန်တော့်ကို လှေဦးပိုင်းမှာ အနေခိုင်းခဲ့တယ် မဟုတ်လား...။ လှေဦးပိုင်းမှာလည်း... ရေစိုနေတဲ့ ကြိုးခွေတွေကလည်း တစ်ပုံကြီးပေါ့...။ ပြီးတော့ ငါးကြီးရဲ့ ခေါင်းကို ဖအေကြီးထုနေတုန်းကများဆိုရင် တစ်လှေလုံးကို တုန်နေတာပဲ...။ ငါးခေါင်းကို ဖအေကြီး ထုနေတာဟာ သစ်ပင်တစ်ပင်ကို... အရင်းကချိုင်ပြီးတော့ လှဲချနေသလိုပဲ... သွေးနံ့တွေကလည်း ညှီလိုက်တာဟောင်လို့... ပေါ့"

"အံမာ... မင်းကတကယ်... အမှတ်ရတာဟုတ်ရဲ့လား...၊ ငါပြောဖူးတာတွေကို ပြန်ပြီးပြောနေတာ ထင်ရဲ့... ဟုတ်စ..."

"ကျွန်တော်နဲ့ အဖေကြီး... ပထမဆုံးအကြိမ်... တူတူထွက်တဲ့ ငါးဖမ်းခရီးကို ကျွန်တော်မမှတ်မိဘဲ နေပါ့မလား အဖေကြီးရယ်...၊ အဲဒီတုန်းကဟာတွေကို ကျွန်တော်သေသေချာချာကြီး မှတ်မိပါတယ်"

အဘိုးအိုသည် လူငယ်အား ချစ်စနိုးကြည့်လိုက်လေသည်။ သူ၏

mgyoe.com

mgyoe.com


မျက်လုံးများမှာ နေရောင်၏ဒဏ်ကိုခံရဖန်များသည်မို့... မွဲသီ၍ နေကြလေပြီ။ သို့တိုင်အောင် စူးရှဆဲသာဖြစ်ကြ၏။

"ကွယ်... ဘတော့... မင်းကိုဘရဲ့ သားကလေးသာ ဖြစ်စေချင်တော့တယ်...။ မင်းသာ ဘရဲ့သားကလေးဖြစ်မယ်ဆိုရင်လေ... ဘတော့ မင်းကို တစ်ခါတည်းအားလုံးပုံပြီးတော့ အားကိုးမှာပဲ...။ ဒါပေမဲ့... မင်းက ဘရဲ့ သားမဟုတ်တော့... မင်းအမိနဲ့ အဘဟာ... မင်းကို အားကိုးကြပေလိမ့်မယ်...၊ အေး... တစ်နည်းဆိုရရင်တော့ မင်းကံကောင်းပေတာပေါ့ကွယ်..."

"ဒီမှာဘဘ... ကျွန်တော် ငါးစာတွေကို သွားပြီးရှာလိုက်ဦးမယ်...၊ လေးကောင်စာလောက်တော့ ရနိုင်လိမ့်မယ်ထင်တယ် အဘရဲ့"

"ငါ့မှာလည်း ငါးစာတော်တော်များများ ကျန်ပါသေးတယ်ကွယ်... အဲဒီငါးစာတွေဟာ ဟို... သေတ္တာထဲက... ဆားတွေထဲမှာကွ"

"ကျွန်တော်တော့ ဆားရိုက်ထားတဲ့ ငါးစာတွေထက် အစိမ်းလတ်လတ်ဆတ်ဆတ် ငါးစာတွေကို ပိုပြီးတော့... သုံးချင်တယ်။ သွားပြီးယူလိုက်မယ်နော်... ဟုတ်လား..."

"တစ်ကောင်စာပဲယူပါကွာ"

အဘိုးအိုက သာမညအားဖြင့် ဤသို့ ပြောလိုက်လေသည်။

အဘိုးအိုသည် အဏ္ဏဝါဗွေတွင် သက်ရှိုးရှည်ခဲ့သူပီပီ ငါးကို ဖမ်းလျှင်ရသည်ဆိုသော ယုံကြည်ချက်ကား မည်သည့်အခါတွင်မှ ပျောက်ပျက်သူမဟုတ်ချေ။ လေသည်ထန်၍လာသည်။ ထကြွလာသည်။ ထိုနည်းတူစွာပင်လျှင်... အဘိုးအို၏ မျှော်လင့်ချက်တို့သည်လည်း ဆပွား၍လာနေကြပေသည်။

"နှစ်ကောင်စာဆိုရင်ရော... ဘရာ"

"အေး... နှစ်ကောင်စာပေါ့ကွာ... ကောင်းသားပဲ။ ဒါပေမဲ့ မင်း

mgyoe.com

mgyoe.com



ဘယ်သူ့ဆီကမှ မဗုန်းခဲ့နဲ့နော်"

အဘိုးအိုက လိုက်လျောညီထွေပြောရင်း... သတိပေးလိုက်၏။

"ဗုန်းတန်ရင်လည်း ဗုန်းရမပေါ့ အဘရဲ့... ဒါပေမဲ့ ဒီတစ်ခါတော့ ကျွန်တော် မဗုန်းပါဘူး... ကျွန်တော် ဒီငါးစာတွေကို တမင်တကာ ဝယ်ထားတာပါ"

"အေးကွာ... ဒီလိုဆိုရင်တော့ အနိုပ်ပဲ... ကျေးဇူးပဲကွာ"

အဘသည် တကယ်တမ်း ကျိုးနွံစွာ ပြောလိုက်လေသည်။ အဘအိုသည် ကျိုးနွံခြင်း အတတ်ပညာကို ကောင်းစွာတတ်မြောက်နေသော သူတစ်ဦးဖြစ်လေသည်။ သူအဘယ်ပုံအဘယ်နည်းဖြင့် ဤပညာကို ရ၍လာမှန်းကားမသိ။ သို့သော် သူ့တွင် ကျိုးနွံတတ်သော ပညာရှိကြောင်းကိုမူ အဘအိုသည် သူ့ကိုယ်သူ ရိပ်စားမိလျက် ရှိလေသည်။ နိဝါတ တရားသည် ရှက်ကြောက်စဖွယ်မဟုတ်၊ "နှိမ့်ချခြင်းသည် သိက္ခာကို ပျက်ပြယ်စေနိုင်ခြင်းမရှိ" ဆိုသောအချက်ကို အဘအိုသည် နားလည်ထားပြီး ဖြစ်လေသည်။

"ဒီကနေ့ အခြေအနေတွေကို ထောက်ရင်တော့ နက်ဖြန်ကျရင် အလုပ်ဖြစ်မယ် ထင်တယ်ကွ"

အဘိုးအိုက ဤသို့စကားဆက်၍ ပေးလိုက်ပြန်သည်။

"ဒါဖြင့် အဖေအိုကြီး နက်ဖြန်ဘယ်ကို သွားမယ်စိတ်ကူးသလဲ"

"ခပ်ဝေးဝေးသွားမယ်လေကွာ...၊ လေကြောင်းပြောင်းရာအတိုင်း လိုက်ဖို့ပဲပေါ့။ ငါတော့ မိုးမလင်းခင်ကကိုပဲ လှေထွက်ချင်တာ"

"ဒီလိုဆိုရင် ကျွန်တော်တို့လှေလည်း ခပ်စောစောပဲ ထွက်ရအောင် ကြိုးစားမယ်၊ အဘအိုငါးကြီးကြီးမိရင် ကျွန်တော်တို့လည်း ဝိုင်းပြီးတော့ ကူရအောင်ပေါ့... ဟုတ်လား"

"မင်းလူတွေက... ခရီးဝေးဝေးထွက်ချင်ကြတဲ့ လူတွေမဟုတ်ပါ

mgyoe.com

mgyoe.com


ဘူးကွာ"

"ဟုတ်တယ်... အဘအိုရဲ့...၊ ဒါပေမဲ့ ကျွန်တော်တော့ ကြိုးစားကြည့်မယ်လေ...၊ ကမ်းနဲ့ ဝေးဝေးမသွားသမျှ ငါးကြီးကြီး မမိနိုင်ဘူးလို့ ဆိုတာ သူ့ကို နားလည်အောင် ပြောပြရမပေါ့"

"ဟ... သူ ဒါလောက်တောင် သတ္တိကြောင်သလားကွ..."

"ဟာ... မပြောပါနဲ့တော့ ဘရာ"

"ခပ်ဆန်းဆန်းပဲကွာ... ဒီလိုခရီးဝေးဝေးမထွက်ရင် ဘယ်တော့ အမြင်သန်တော့မှာလဲကွ"

"နို့... ဘအိုကြီးရော မော်စဘီတို ကမ်းခြေနားမှာချည်း ကျက်စားနေခဲ့တယ်မဟုတ်လား...၊ ဒါပေမဲ့ ဘအိုကြီးက အမြင်သန်တယ်..."

"ဒီလိုလေကွာ...၊ အဘက လူပါးကြီးကွ"

"ကိုင်းပါ အဘရယ်... ကျွန်တော်တို့သွားကြပါစို့... ကျွန်တော်က လက်ပစ်ကွန်ကိုသယ်ခဲ့မယ်၊ ပြီးတော့ကာ ငါးသလောက်ပေါက်စတွေကို ဖမ်းရအောင်"

နှစ်ယောက်သား ပစ္စည်းများကို သယ်ကြ၏။ အဘအိုက ရွက်လက်နှင့် ရွက်ကိုသယ်သည်။ လူငယ်ကမူ ခိုင်မာသော လက်ကျစ်ကြိုးခွေများထည့်ထားသော သေတ္တာနှင့်တကွ မှိန်းအိမ်နှင့် မှိန်းတို့ကို ထမ်းပိုးသယ်ဆောင်လေသည်။ ကြိုးသေတ္တာမှာ လှေ၏ပဲ့ပိုင်း၌ရှိပြီး ငါးခေါင်းထုသော တင်းပုတ်အနီးတွင်ရှိလေသည်။ တင်းပုတ်သည် ငါးကြီးများကို ဖမ်းရာ၌ အသုံးဝင်သည်။ ငါးကြီးတစ်ကောင်ကို ချိတ်မိ၍ ရေပေါ်သို့ ဆွဲတင်ကာ လှေဘေးသို့ ယှဉ်ကပ်မိသောအခါ၌ ငါးသေအောင် ဦးခေါင်းကို တင်းပုတ်နှင့်ထုရသည်။ အရေးပါအရာရောက်သော ပစ္စည်းများကို လှေငယ်၌ ထားခဲ့သော်လည်း မည်သူကမျှ အဘအို၏ ပစ္စည်းများကို ခိုးယူကြလိမ့်မည် မဟုတ်။ သို့သော်... ပစ္စည်း

mgyoe.com

mgyoe.com


များကို လေ့ခွက်ပက်လက်တွင် ထားခဲ့ပါက ကျလာတတ်သော နှင်းခါး များရိုက်ပြီး ပျက်စီးတတ်သည်။ ဆွေးမြည့်တတ်သည်။ ထို့ပြင် မှိန်းနှင့် မှိန်းအိမ်တို့မှာ လှေ့ခွက်ပက်လက်တွင် ထားပစ်ခဲ့ပါက အနီးအနားက လူများ အလိုလိုခိုးချင်စိတ်ပေါက်လာစရာ ကောင်းနေမည့် အရေးကို လည်း အဘအိုသိထားပြီဖြစ်သည်။ အခွင့်အလမ်းသည် လူကောင်းကို သူခိုးဖြစ်စေနိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် ပစ္စည်းများကို လှေ့ခွက် ပက်လက်တွင် မထားချန်ရစ်စကောင်း။

နှစ်ယောက်သား ကုန်းပေါ်အတက်လမ်းအတိုင်း လျှောက်လာကြ ကာ အဘအို၏တဲစုတ်ဆီသို့ ချဉ်းကပ်လာခဲ့ကြသည်။ တံခါးမှာ ဟင်း လင်းပွင့်နေ၏။ နှစ်ယောက်သား တဲစခန်းသို့ဝင်၍ လာခဲ့ကြလေသည်။ ရွက်လိပ်ပတ်ထားသော ရွက်လက်ကို အဘအို၏ တဲနံရံကိုမှီ၍ ထောင် ထားလိုက်လေသည်။ လူငယ်က သေတ္တာနှင့် အခြားပစ္စည်းများကို ရွက်လိပ်အနီး၌ ချထားလိုက်လေသည်။ ရွက်လက်မှာ အခန်း၏ အလျားလောက်ပင် ရှည်လေသည်။ တဲကလေးမှာ ခိုင်ခံ့သော အုန်းသား များနှင့် ဆောက်လုပ်ထားသော တဲငယ်ဖြစ်သည်။ အုန်းသားကို ဂူအာနို ဟု ရပ်ရွာဓလေ့အတိုင်း ခေါ်ဆိုကြသည်။ အခန်းငယ်၏အတွင်း၌ ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် မြေသားကြမ်း ပြင်ပေါ်တွင် ချက်ပြုတ်စားသောက်စရာ မီးသွေးမီးဖိုတစ်လုံးတို့ရှိလေ သည်။ တဲ၏အကာမှာ ထူထပ်သော အုန်းလက်များဖြစ်၍ ခိုင်မာသော အုန်းလက်ချင်းယှက်ကာယှက်ကာ ကာရံ၍ထားသည်။ နံရံတစ်နေရာ တွင် ယေရှုကိုယ်တော်၏ ရောင်စုံရုပ်ပုံကားတစ်ချပ်နှင့်တကွ မယ်တော် ၏ ပုံကားတစ်ချပ်တို့ရှိကြလေသည်။ ထိုကားချပ်များမှာ အဘအို၏ ဇနီးသည်ထားချန်ရစ်ခဲ့သောပစ္စည်းမွန်များဖြစ်ကြလေသည်။ တစ်ခါ တုန်းကဆိုလျှင် နံရံတစ်နေရာ၌ အဘအို၏ ဇနီးသည် ဓာတ်ပုံတစ်ပုံကို

mgyoe.com

mgyoe.com


ရောင်စုံခြယ်လျက် ဆွဲချိတ်ထားခဲ့ဖူးသည်။ သို့သော် ယင်းဓာတ်ပုံသည် အဘအိုဏ် အထီးကျန်နိုင်လှသောဘဝကို အမြဲတစေ သတိပေး၍ နေဘိသကဲ့သို့ ဖြစ်စေလှသောကြောင့် အဘအိုသည် ဓာတ်ပုံကို ဖြုတ်ကာ အရေးအကြောင်း ထူးထူးခြားခြားရှိပါမှ ထုတ်၍ဝတ်ရသော ရှပ်အင်္ကျီအဟောင်း၏ အောက်တွင် ထိုး၍ထားကာ သိမ်းဆည်းရလေသည်။

"အဘ ဘာစားချင်သလဲ"

လူငယ်ကမေး၏။

"ထမင်းနဲ့ ငါးပဲပေါ့ လူကလေးရယ်၊ မင်း ထမင်းဆာပြီလား"

"နေပေစေ၊ ကျွန်တော်အိမ်ကျမှ စားတော့မယ်...၊ ကျွန်တော် မီးမွေးပေးခဲ့မယ်နော်"

"နေပေစေ... ခဏကြာမှ ငါမီးမွေးမယ်။ ထမင်းကတော့ ထမင်းကြမ်းကိုပဲ စားတော့မယ်ကွယ်...၊ ကျန်သေးတယ်"

"ဒါဖြင့် လက်ပစ်ကွန်ကို ကျွန်တော်အခု ယူသွားရမလား"

"အေးလကွာ..."

စင်စစ်တွင်မူကား... အဘအိုသည် လက်ပစ်ကွန်ကို ရောင်းပစ်လိုက်ရသည်မှာ အတော်ပင်ကြာခဲ့လေပြီ။ မည်သို့ပင်ဖြစ်စေကာမူ ရယ်စရာသဘောဖြင့် သူတို့နှစ်ယောက်သည် လက်ပစ်ကွန်၏အကြောင်းကို ဤကဲ့သို့ပင် တခုတ်တရ ပြောတတ်ကြသည်။ ထို့ပြင် အဘအိုသည် ထိုနေ့အဖို့၌ စားစရာ ဆန်လည်းမရှိ၊ ထမင်းကြမ်းလည်း မရှိ၊ ငါးလည်း မရှိ။ ဤအကြောင်းများကို လူငယ်သည် မဆွကပင် တင်ကူး၍ သိပြီးဖြစ်လေသည်။

ရှစ်ဆယ့်ငါးဆိုတာဟာ ကံကောင်းတဲ့နေ့ပဲကွ...၊ အဲဒါဟာ နက်ဖြန်ပဲ... နက်ဖြန်ကျရင်... ငါတော့ ငါးအကြီးကြီးတစ်ကောင် ရမယ်ထင်တယ်။ ကျိန်းသေပေါက်လောက်ပဲ ဘယ့်နှယ်လဲ..."

mgyoe.com

mgyoe.com



"ကျွန်တော့် လက်ပစ်ကွန်နဲ့ ငါးသလောက်ပေါက်စကလေးတွေကို ဖမ်းချင်တယ်။ ကိုင်း... အဘ... ဟောဒီ တံခါးပေါက်နားကနေရာမှာ နေပူဆာလှုံပါလား... ဟင်..."

"အေး... အကောင်းသားကွ...၊ ငါ့မှာ မနေ့တုန်းကထွက်တဲ့ သတင်းစာရှိတယ်၊ အဲဒီအထဲမှာ ဘောလုံးပွဲသတင်းပါတယ်ကွ... ဖတ်ရမယ်"

လူငယ်သည် အဘအိုပြောသော စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။ သို့သော် အဘအိုသည် သူ့အိပ်ရာအောက်မှ မနေ့က ထွက်သော သတင်းစာကို ထုတ်ယူလိုက်သည်။

"အဲဒီသတင်းစာကို ငါ့မိတ်ဆွေ ပယရိုကိုက ပေးတာကွ"

အဘအိုက လှမ်း၍ပြောသည်။

"အဘအို... ခနလောက်နေဦးနော်၊ ကျွန်တော် ငါးသလောက်ပေါက်စကလေးတွေကို သွားပြီးရှာချေဦးမယ်။ ရရင်... ကျွန်တော် ပြန်လာမယ်။ ငါးတွေကို ရေခဲစိမ်ထားလိုက်တာပေါ့။ မနက်ကျတော့မှ ကျွန်တော်တို့စားကြမယ်။ ကဲ သတင်းစာတွေ... ဖတ်ပေဦးတော့။ ပြန်လာရင် ဘောလုံးရိုက်ပွဲအကြောင်းပြောပြနော်"

"ယန်ကီးအသင်းဟာ မရှုံးနိုင်ပါဘူးကွ"

"ဒါပေမဲ့... ကလီဗီလန်းက အင်ဒီယန်း အသင်းကလည်း... မခေဘူး အဘအိုရဲ့"

"ယန်ကီးအသင်းကို အထင်မသေးပါနဲ့ကွာ။ အဲဒီအသင်းက ဒီမဂ္ဂီယိုဟာ သိပ်ပြီးတော့ ဘောလုံးအရိုက်တော်တာကွ"

"ကျွန်တော်တော့ ဒက်ထရွိုက်က ကျားအသင်းနဲ့ ကလီဗီလန်းက အင်ဒီယန်းအသင်းတွေကို ကြောက်တယ်"

"အမယ်လေးကွာ... ဒီအသင်းတွေကို မင်းက ဒါလောက်တောင်

mgyoe.com

mgyoe.com



အထင်ကြီးနေရင်... စင်စင်နတီမြို့က ရဲရဲတောက်အသင်းနဲ့ ရှီကာဂိုမြို့က ခြေအိတ်ဖြူအသင်းတွေကိုပါ မင်းအထင်ကြီးနေမှာပါ"

"ကိုင်းပါ... အဘအိုရာ... ဘောလုံးရိုက်ပွဲသတင်းကိုပဲ ဖတ်စမ်းပါဦး...၊ ကျွန်တော် ပြန်လာတော့ ပြောပြနော်"

"ကဲ... နေပါဦးကွ၊ ၈၅ ဂဏန်းအဆုံးပါတဲ့ ထီလက်မှတ်တစ်စောင်လောက် ဆုတ်ကြရရင် မကောင်းဘူးလား...၊ နက်ဖြန်ခါကျရင် တို့ ငါးမရတဲ့နေ့ဟာ ရှစ်ဆယ့်ငါးရက်မြောက်တော့မယ်..."

"ဆုတ်ချင်လည်း ဆုတ်ပေါ့ အဘအိုရ... ဒါပေမဲ့... အဘအိုဟာ ရှစ်ဆယ့်ခုနစ်ရက်မြောက်တော့မှ ငါးအကြီးကြီး ဖမ်းလို့ရဖူးတယ် မဟုတ်လား..."

"ဟာ... ဒီလို ကံထတာကတော့ တစ်သက်မှ တစ်ခါပါကွာ။ ကဲ... ရှစ်ဆယ့်ငါးဂဏန်းအဆုံးနဲ့ ထီလက်မှတ်ကို... မင်းရအောင် ရှာနိုင်ပါ့မလား"

"အို... အဘအိုကလည်း... ရှာရင်ရမှာပေါ့"

"ကိုင်း... ဒါဖြင့်... တစ်ခဲတော့ဝယ်ခဲ့ကွာ...၊ နှစ်ဒေါ်လာခွဲတော့ ပေးရလိမ့်မယ်...။ နို့... ပိုက်ဆံက ဘယ်မှာလဲ၊ ဘယ်သူ့ဆီက ချေးပြီး ဝယ်မတုံး"

"အို... ဒါလောက်တော့ ဘယ်သူ့ဆီကပဲ ဆွဲဆွဲရမှာပေါ့ အဘရဲ့"

"အေး... အေး... ငါ့ကိုယ်တိုင်ဆွဲရင်လည်း ရကောင်းပါရဲ့ကွာ။ ဒါပေမဲ့ ငါက ပိုက်ဆံမချေးချင်ဘူးကွ။ လက်ဦး ပိုက်ဆံချေးတဲ့ အကျင့်ဖြစ်လာရင်... နောက်ကျတော့... ပိုက်ဆံတောင်းစားရတဲ့အဖြစ်ကို ရောက်တတ်တယ်"

"ကိုင်းပါ... အဖေအိုကြီးရယ် ထွေးထွေးနွေးနွေးများ နေပါဦး...၊ ခုလဟာ စက်တင်ဘာလဗျ၊ အေးတယ်"

mgyoe.com

mgyoe.com


"ဒီလိုလမျိုးမှာပေါ့ကွာ... ငါးအကြီးကြီးတွေကို ဖမ်းလို့မိတာ...၊ မေလလို နွေးတဲ့လတွေမှာတော့ ငါးတွေပေါလိုက်ပါဘိချင်း"

"ကိုင်း... ကျွန်တော် ငါးသလောက်ပေါက်စကလေးတွေ သွားရှာချေဦးမယ်"

လူငယ်ထွက်သွားပြီး ပြန်ရောက်လာသောအခါတွင်... အဘအိုမှာ ကုလားထိုင်ပေါ်၌ အိပ်မောကျ၍နေပြီဖြစ်လေသည်။ နေသည်လည်း စုံးစုံးနစ်မြုပ်ဝင်၍ သွားလေပြီဖြစ်၏။ လူငယ်သည် အိပ်ရာခုတင်ပေါ်မှ စောင်ကိုဆွဲယူကာ ကုလားထိုင်နောက်မှီကိုပတ်၍ အဘအို၏ပခုံးများကို လွှမ်းခြုံပေးထားလိုက်လေသည်။ အဘအို၏ ပခုံးကြီးများသည်ကား ဆန်းကြယ်လေစွ၊ အင်အားကြွယ်ဝတုန်းပင်ဖြစ်သည်။ အဘအို၏ လည်တိုင်မှာ ခံ့ထည်ဆဲဖြစ်ပြီး နေလောင်ထားသော အရေးအကြောင်းများမှာ အဘအို အိပ်ပျော်၍ ဇက်စင်းနေသောအခါ၌ ထင်ထင်ရှားရှား မပေါ်လွင်လှပေ။ အဘအို၏ ကိုယ်ပေါ်မှ ရှပ်အင်္ကျီမှာ အဖာအထေးများလှစွာသည်။ သူ့လှေက ရွက်နှင့်ပင်တူချေသေးတော့သည်။ ရှပ်အင်္ကျီမှ ချုပ်စပ်ဖာထေးထားသော နေရာတို့မှာ... နေစား၍ထားသောကြောင့် ဖာထေးသည့် ရက်ကာလအပိုင်းအခြားအလိုက် အရောင်မွဲကာ ဆေးပျက်၍ နေကြလေသည်။ အဘအို၏ ဦးခေါင်းမှာ... အထူးသဖြင့် အိုမင်း၍ ဇရာကျနေပုံရပြီး... မျက်စိကို စုံလုံးမှိတ်ထားသောအခါ၌ သူ့မျက်နှာကို ကြည့်ရသည်မှာ အသက်ဓာတ်အား လုံးဝမရှိသလိုဖြစ်၍ နေလေသည်။ သတင်းစာမှာ ပေါင်ပေါ်တွင် တင်ထားလျက်ရှိသည်။ လက်တစ်ဖက်က ဖိထားလျက်သားရှိနေသောကြောင့်သာ... ညှို့သက်သော ညနေခင်းလေညင်းညင်းတွင် ပြန့်လွင့်မသွားဘဲ ရှိနေခြင်းဖြစ်လေသည်။ အဘအိုတွင် ဖိနပ်မရှိပါချေ။

လူငယ်သည် ထွက်သွားပြန်သည်။ သူပြန်ရောက်လာသောအခါ

mgyoe.com

mgyoe.com


၌ အဘအိုသည် အိပ်လျက်နေဆဲပင် ဖြစ်လေသည်။

"အဘ... ထတော့လေ"

လူငယ်က အဘအို၏ ဒူးကိုကိုင်လှုပ်၍နှိုးလိုက်လေသည်။

အဘအိုသည် ဝေးလံလှသော ခရီးရှည်ကြီးတစ်ခုမှ ပြန်၍လာဘိသကဲ့သို့ရှိနေကာ... သူ၏ မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ ထို့နောက် ပြုံးလိုက်၏။

"တို့ဘာစားရမှာလဲကွ..." ဟု အဘအိုက မေး၏။

"ညနေစာစားကြစို့လေ"

"ဘတော့ သိပ်မဆာပါဘူးကွာ"

"အို... မဟုတ်တာ... ဘကလည်း... စားမှပေါ့...၊ မစားရင် အလုပ် လုပ်နိုင်ပါ့မလား"

"အမယ်ကွာ... ထမင်းမစားဘဲနဲ့ အလုပ် လုပ်ခဲ့ဖူးပေါင်းများလှပါပကော"

ပြောရင်းဆိုရင်း အဘအိုသည် ထိုင်ရာမှထသည်။ သတင်းစာကို ပြန်၍ခေါက်သည်။ ထို့နောက် စောင်ကိုလည်း ခေါက်နေလေသည်။

"စောင်ခြုံထားပါလား အဘအိုရဲ့...၊ ကိုင်း... စားကြရအောင်။ ကျွန်တော်ရှိနေသမျှတော့ အဘအို ဘယ်တော့မှ မငတ်ရဘူး"

"ဒါဖြင့် ငါ့မြေး အသက်ရာကျော်ရှည်ပါစေကွာ...။ ဟဲဟဲ... တို့... တို့က အခုဘာများစားရမှာတုံး"

"ပဲလည်းပါတယ်၊ ထမင်းလည်းပါတယ်၊ ငှက်ပျောကြော်လည်း ပါတယ်၊ ပြီးတော့ သားပြွမ်းဟင်းလည်း ပါတယ်"

ထိုစားစရာများကို လူငယ်သည် နှစ်ဆင့်ချိုင့်နှင့် ထမင်းဆိုင်မှ ယူလာခဲ့ခြင်းဖြစ်လေသည်။ သူ့အိတ်ထဲ၌ ဗွန်းခက်ရင်း ဓားနှစ်စုံတို့ကိုလည်း စက္ကူလက်ကိုင်ပဝါနှင့် ပတ်၍ ယူလာခဲ့လေသေးသည်။

mgyoe.com

mgyoe.com


“ဒါတွေ ဘယ်သူပေးလိုက်တာလဲကွ”

“ဆိုင်ရှင် မာတင်က ပေးလိုက်တာလေ”

“သူ့ကို ကျေးဇူးတင်ကြောင်းပြောရဦးမယ်ကွာ”

“ကျွန်တော် ပြောခဲ့ပြီးပါပြီ အဘအိုရဲ့၊ ထပ်ပြီးပြောနေစရာ မလိုတော့ပါဘူး”

“ဘာပဲဖြစ်ဖြစ်ကွာ... ငါ ငါးကြီးကြီးရရင်... သူ့ကို ဝမ်းပျဉ်းသားဆူဆူပေးရဦးမယ်...၊ သူ တို့ကို ထမင်းကျွေးတာ တစ်ခါ နှစ်ခါမကဘူးကွ”

“ဟုတ်တယ်အဘ”

“အေးကွာ... ငါ့စိတ်မှာတော့ ဝမ်းပျဉ်းသားဆူဆူထက်ပိုပြီးတော့ကောင်းတာကိုတောင် ပေးလိုက်ချင်သေးရဲ့ကွာ... သူက တို့ကို တော်တော်ဂရုစိုက်တာကွ”

“ဟုတ်တယ်အဘ... ကျွန်တော်တို့ကို ဘီယာတိုက်ဖူးတယ်နော်”

“ဟုတ်တာပေါ့ကွာ...၊ ငါကတော့... စည်သွတ်ဘီယာကို အကြိုက်ဆုံးပဲ”

“ဟုတ်တယ်ဘရဲ့...၊ ဒါပေမဲ့ ဒီဘီယာကိုတော့ ပုလင်းနဲ့ပဲ ဝယ်ခဲ့တယ်...၊ ပုလင်းခွံတွေကိုတော့ ကျွန်တော်ပြန်ပေးရမှာ...”

“အေးကွာ... ပို့တာပေါ့...၊ ကိုင်း တို့အခု စားကြတော့မလား”

“ဘကို ကျွန်တော် အစားခိုင်းနေတာ ကြာလှပါပကော...၊ ဘ မစားသေးတာနဲ့ ကျွန်တော် ဘီယာကိုတောင် မဖွင့်သေးဘဲထားတာ...”

“ကိုင်းပါကွယ်... စားကြပါစို့...၊ ငါ ကိုယ်ကလေးလက်ကလေး ဆေးလိုက်ဦးမယ်”

အဘ ဘယ်မှာများ ရေမိုးချိုးပါလိမ့်...။ လူငယ်သည် တစ်မျှော်တစ်ခေါ် စဉ်းစားနေမိလေသည်။

mgyoe.com

mgyoe.com


ရွာထဲက ရေဘုံဘိုင်မှ နှစ်လမ်းကျော် တစ်နေရာတွင် ရှိလေသည်။ အဘအတွက်... ဒီမှာရေခပ်ပြီးပေးထားမှထင်ပါရဲ့။ သူ့မှာ ဆပ်ပြာလည်းမရှိ...၊ မျက်နှာသုတ်ပဝါလည်းနတ္ထိ... ဩော်... ဒါတွေကို ငါဘာပြုလို့များ မေ့နေမိပါလိမ့်...၊ အဘဖို့တော့... ရှပ်အင်္ကျီတစ်ထည်နဲ့အပေါ် အင်္ကျီတစ်ထည်တော့ ရှာပေးဦးမှထင်တယ်။ ဖိနပ်လည်းဝယ်မှ...၊ နောက်ထပ် စောင်တစ်ထည်လည်း ဝယ်ဦးမှ... လူငယ်၏အတွေးလုံးများသည် ပလုံစီ၍နေကြလေသည်။

"သားပြွမ်းဟင်းက ကောင်းသကွာ...၊ တယ်ကောင်း"

အဘက ကျေကျေနပ်နပ်ကြီး ပြော၍နေ၏။

"အဘရဲ့... ဘောလုံးရိုက်ပွဲအကြောင်းကို ပြောပြပါဦး"

"ငါထင်တဲ့အတိုင်းပေါ့ကွာ...၊ အမေရိကန်အသင်းမှာ... ယန်ကီးအဖွဲ့က တကယ်စွံမှာ"

အဘသည် အားရဝမ်းသာပြော၍နေပြန်သည်။

"ဒီကနေ့တော့ သူတို့ရှုံးတယ်အဘရဲ့"

"ဒီတစ်ပွဲလောက်တော့ ဘာမှအရေးမကြီးပါဘူးကွာ...၊ ဒီမဂ္ဂီယိုဟာ အခု ပုံစံမှန်လာပြီကွ"

"တခြားလူတွေကိုလည်း ထည့်ပြီး ကစားသေးတယ် ဘရဲ့"

"ဟာကွာ... ဒါကတော့... တစ်ယောက်ပြီးတစ်ယောက် ထည့်ပြီးကစားသင့်ရင် ကစားရတာပေါ့ကွာ...၊ ဘယ်မှာလူတိုင်း အတည်အမြဲရှိမှာတုံး...၊ ဒါပေမဲ့ ဒီမဂ္ဂီယိုကတော့... တကယ်နိုင်သကွ...၊ သူပါတဲ့အသင်းဟာ အမြဲနိုင်တာပဲကွ...၊ ဘရွတ်ကလင်အသင်းနဲ့ ဖီလာဒဲလဖီယားအသင်း ကစားရင်... ငါကတော့ ဘရွတ်ကလင်အသင်းကလောင်းမှာပဲ...။ ဒါပေမဲ့ကွာ... အဘတော့... ဒစ်စလိုက်ဆာကြီးကိုအောက်မေ့လိုက်သေးရဲ့ကွာ..."

mgyoe.com

mgyoe.com


"ဟုတ်တယ်အဘ...၊ သူဟာ... ကျွန်တော်တွေ့ဖူးသမျှမှာတော့ သေသေချာချာကို... ဘောလုံးရိုက်တဲ့လူကြီးပဲ"

"ဒါကြောင့်ပေါ့ကွ...၊ သူ့ကို... တို့တစ်သက်လုံး မေ့မရနိုင်တယ်"

"သူဒီအပိုင်းကို ခဏခဏလာပြီးတော့ ဘီယာသောက်တယ်။ အဘမှတ်မိရဲ့လား...၊ ပြီးတော့ ကျွန်တော်က... အဘကို ပြောဖူးတယ်...၊ ကျွန်တော်တို့နဲ့တူတူ... ငါးမျှားသွားရအောင်ခေါ်ပါလို့...၊ ဒါကိုအဘက မခေါ်ရဲဘူး... သတ္တိကြောင်လိုက်တာ"

"အေးကွာ... ငါလည်းဒါကိုသိပါတယ်...၊ ငါ သူ့ကို မပြောမိတာ ဟာ မှားတာပဲ...။ ငါမခေါ်ရဲတာနဲ့ မင်းကိုခေါ်ပါ၊ ခေါ်ခဲ့ပါပြောတော့ လည်း... မင်းက မခေါ်ဘူး"

"ဟုတ်တယ်အဘ... ကျွန်တော်ကိုယ်တိုင်ကလည်း မခေါ်မိတာ မှားတာပဲ။ ကျွန်တော်တို့ကသာခေါ်ရင် သူလိုက်ချင်လိုက်လာမှာနော်..."

"အေးပေါ့ကွာ... တို့နဲ့ တစ်ခါလောက်တော့ ဒီမဂ္ဂိယိုနဲ့ ငါးမျှား ထွက်ချင်ရဲ့...။ သူ့အဖေကလည်း တို့လိုပဲ တံငါသည်တစ်ယောက်တဲ့ ကွ...၊ သူဟာလည်း တို့လိုပဲ ဆင်းရဲဖူးပြီးတော့ တို့စေတနာကို နားလည် ကောင်းပါရဲ့ကွာ"

"ဆိုက်ဇလာရဲ့ အဖေကတော့ ဘယ်တုန်းကမှ မဆင်းရဲခဲ့ဘူးတဲ့ အဘရဲ့။ အဲဒီလူကြီးကလည်း ကျွန်တော့်အရွယ်လောက်ကတည်းက ပွဲကြီးပွဲကောင်းတွေမှာ ကစားဖူးသတဲ့"

"အဘတော့ဖြင့်ကွာ... မင်းအရွယ်လောက်ကတည်းက လှေနဲ့ လိုက်ခဲ့ရတာပဲကွ...။ အဘ စီးရတဲ့ သင်္ဘောကအာဖရိကတိုက် ဘက်ကို သွားတယ်...၊ ညနေစောင်းမှာများဆိုရင်... ကမ်းခြေမှာ ခြင်္သေ့တွေ ရေသောက်ဆင်းတာကိုတောင် တွေ့ရဖူးတယ်"

"ဒီအကြောင်းတွေကို အဘပြောဖူးပါပြီဗျာ..."

mgyoe.com

mgyoe.com

"ဒါဖြင့် တို့အာဖရိကအကြောင်းကို ဆက်ပြောမလား...၊ ဘော့(စ်) ဘောအကြောင်းကိုပဲ ဆက်ပြောမလား"

"ဘော့(စ်)ဘောအကြောင်းကိုပဲ ဆက်ပြောပါ...၊ ဂျွန်ဂျေ မက္ကရိုး အကြောင်းလည်းပြောပါဦး"

"သူလည်း တို့ဘက်ပိုင်းကို လာတတ်တာပဲကွ။ အရင်က ခဏခဏလာတယ်။ ဒါပေမဲ့ သူကလူကြမ်းကွ။ စကားပြောလည်းကြမ်း တယ်၊ အရက်မူးနေရင်လည်း သိပ်ပြီးဆက်ဆံရတာ ခက်တယ်။ သူက ဘား(ခ်)ဘော်(လ်)ကို ဝါသနာကြီးသလောက် မြင်းပွဲလည်းဝါသနာပါ တယ်။ သူ့အိတ်ထဲမှာ ဘယ်တော့မဆို မြင်း "တစ်" စာအုပ်ပါတယ်။ တယ်လီဖုန်းနဲ့ မြင်းလောင်းတာကလည်း ခဏခဏပဲ"

"သူက ဘောလုံးအသင်းမန်နေဂျာလည်း လုပ်တယ်နော်...။ ကျွန်တော့်အဖေက ပြောဖူးတယ်၊ သူဟာ သိပ်တော်တာပဲတဲ့"

"ဒါကတော့ သူကတို့ဘက်ပိုင်းကို ခဏခဏ လာလို့ကွ၊ တကယ် လို့ မန်နေဂျာ ဒူရိုချာဆိုတဲ့လူ ဒီလိုပဲတို့ဆီ ခဏခဏလာရင် မင်း အဖေက အထင်ကြီးဦးမှာပေါ့ကွာ"

"ဒါဖြင့် အတော်ဆုံးလူက ဘယ်သူတုံး။ လူကာလား၊ ဒါမှ မဟုတ်ရင်... ပိုက်ဂွန်ဇလေလား"

"သူတို့နှစ်ယောက်ကတော့ အတူတူပဲလို့ ငါထင်တယ်"

"ဒါပေမဲ့ တံငါတွေထဲမှာတော့ အဘက အတော်ဆုံးပဲ"

"မဟုတ်ပါဘူးကွယ်...၊ ငါ့ထက် တော်တဲ့လူတွေ အများကြီးပါ"

"ကြံကြီးစီရာ... အဘကလည်း၊ တခြားတံငါတွေလည်း ရှိကြ ပါတယ်။ ဒါပေမဲ့ အဘကိုတော့ ဘယ်သူမှ မမီပါဘူး"

"အေး... ဒီလိုအထင်ကြီးဖော်ရတာကိုပဲ ကျေးဇူးကြီးလှပါပြီ ကွာ... ငါ ဝမ်းသာပါတယ်။ တော်တော်ကြာမှ ငါဖမ်းလို့မနိုင်နိုင်တဲ့

mgyoe.com

mgyoe.com


ငါးကြီးတစ်ကောင် မပေါ်လာပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"အဘပြောသလောက်သာ အဘသန်မာသေးရင် အဘမဖမ်းနိုင်တဲ့ ငါးရယ်လို့ ရှိမယ်မဟုတ်ပါဘူး"

"ဒါပေမဲ့ ငါ့ကိုယ်ငါထင်သလောက် အားကရှိချင်မှ ရှိဦးမှကိုးကွ။ အေး... တစ်ခုတော့ရှိတယ်။ ငါ့မှာ ငါးဖမ်းတဲ့ပရိယာယ်တွေတစ်ပုံကြီး ရှိတယ်၊ ဖွဲလည်းရှိတယ်"

"ဒါဖြင့် အဘအိပ်တော့လေ။ ဒါမှ နက်ဖြန်ကျရင် အဘ အားရှိမှာ။ ကျွန်တော်လည်း ပစ္စည်းကလေးတွေကို ထမင်းဆိုင် ပြန်ပို့ချေဦးမယ်"

"အေး... ဒါဖြင့် "ဂွတ်နိုက်" ပေါ့ကွယ်...၊ မနက်ကျရင် မင်းကို ငါ လာပြီးနှိုးမယ်"

"အဘကတော့ ကျွန်တော့်နှိုးစက်နာရီပဲ"

"အေးပေါ့ကွယ်... အသက်ကြီးလာတော့ အချိန်မှန်နိုးတော့တာပေါ့။ အဘိုးကြီးဖြစ်လာလေလေ ခပ်စောစော နိုးလေပဲကွ၊ အတော်ဆန်းတယ်။ ကေ့ကွ မအိပ်တဲ့အချိန်ပိုင်း များများရပြီး အသက်ရှည်အောင်လို့ ထင်ပါရဲ့"

"ဒါတော့ မပြောတတ်ဘူးဘရဲ့။ ကျွန်တော်သိသမျှတော့ လူငယ်တွေဟာ အိပ်မိရင်ကုလားသေ ကုလားမောအိပ်တတ်တာပဲ"

"အေး... တို့လည်း ငယ်ငယ်ကတော့ ဒီလိုပဲပေါ့ကွယ်...၊ အေး အေး... မနက်ကျရင် မင်းကို ငါနှိုးပါမယ်ကွာ... ဟုတ်စ"

"ကျွန်တော့်ကို တခြားလူတစ်ယောက်က မနှိုးစေချင်ဘူးလေ။ အောက်ကျနောက်ကျနိုင်တယ်လို့ ထင်တယ်"

"အေးပါကွာ... ငါသိပါတယ်"

"ကဲ... အိပ်တော့ဘရေ"

mgyoe.com

mgyoe.com


လူငယ်သည် ထွက်၍သွား၏။ သူတို့နှစ်ဦးစားသောက်နေကြရာတွင် စားပွဲပေါ်၌ မီးထွန်းမထားပေ။ အဘိုးအိုသည် သူ့ဘောင်းဘီကို ချွတ်လိုက်ပြီးနောက် မှောင်ထဲတွင်ပင် အိပ်ရာဝင်လေသည်။ အဘိုးအိုသည် ဘောင်းဘီကိုလိပ်ပြီးနောက် ခေါင်းအုံးသဖွယ် အသုံးပြုလိုက်လေသည်။ သတင်းစာကိုလည်း ခုလိုက်သေးသည်။ သူ့ကိုယ်သူ စောင်နှင့်ရစ်ပတ်လိုက်ပြီးနောက် အခြားသတင်းစာ တစ်စောင်ခင်း၍ထားသောစပရင်ခုတင်ပေါ်၌ အိပ်လိုက်လေသည်။

အဘအိုသည် မကြာမီပင် အိပ်မောကျ၍သွားလေသည်။ သူသည် သူငယ်စဉ်က ရောက်ခဲ့ဖူးသော အာဖရိကပြည်မှ ငွေသောင်ဖြူလွှာများကို အိပ်မက်မက်နေသည်။ သောင်ပြင်များမှာ ဖြူဖွေးလွန်းလှသဖြင့် နေရောင်ထဲ၌ ကြည့်လိုက်တိုင်း မျက်စိကျိန်းစရာ ဖြစ်နေလေသည်။ အိမ်မက်ထဲ၌ မြင့်မောက်သော အငူစွန်းကြီးများနှင့် ကြီးမားသောတောင်တန်း ညို့ညို့ကြီးများကို မြင်ရပြန်သည်။ အဘအိုသည် ညတိုင်းလိုပင် ထိုအိပ်မက်မျိုးကိုချည်း မက်ကာ အိပ်မက်ထဲ၌ လှိုင်းခေါင်းဖြူကြီးများ၏ အော်သံကိုကြားရသည်။ အာဖရိကတိုင်းရင်းသားတို့၏ လှေငယ်များ လှိုင်းကြားမှ ပေါ်လာပုံကိုလည်း မြင်သည်။ သူ့နှာဝ၌ လှေထေးသော ကတ္တရာနံ့လည်း သင်းလာတတ်သေးသည်။ နံနက်ခင်း လေပြည်နှင့်အတူရာ၍ပါလာတတ်သော တောနံ့တောင်နံ့တို့ကိုလည်း အမှတ်ရတတ်ပါသေးသည်။

သူ့အိပ်မက်ထဲ၌ တောနံ့များနှာဝ၌ သင်းလာသော အချိန်မျိုးတွင် အဘအိုသည် အိပ်ရာက နိုးလာတတ်သည်။ နိုးလျှင်အဝတ်အစားဝတ်ကာ လူငယ်ကိုသွား၍နှိုးလေ့ရှိသည်။ ဤနံနက်အဖို့တွင်ကား အဘအိုသည် ခါတိုင်းထက်စော၍ နိုးသည်။ စော၍နေမှန်းသိသောကြောင့်ပင်လည်း ဖေအိုကြီးသည် မျောက်မျဉ်းရင်း အိပ်မက်နောက်ဆက်တွဲများ

mgyoe.com

mgyoe.com


ကို ဆက်၍မက်နေပြန်သည်။ အိပ်မက်ထဲ၌ အဘအိုသည် ပင်လယ်ထဲမှ ထိုးထောင်ထွက်ပေါ်နေသော ကျွန်းထိပ်ဖြူဖြူများကို မြင်ရသည်။ ထို့နောက် ကနေရီကျွန်းစုများသို့သွားသော ပင်လယ်ခရီးလမ်းကြောင်းများနှင့် အထွေထွေသော သင်္ဘောဆိပ်အမျိုးမျိုးတို့ကိုလည်း အိပ်မက်တွင် မြင်ရလေသည်။

အဘအိုကြီးသည် လေမုန်တိုင်းကိုလည်းကောင်း၊ မိန်းမသားများကိုလည်းကောင်း၊ ငါးကြီးများနှင့် သူနိုင်ငါနိုင်အပြိုင်ကြဲရပုံကိုလည်းကောင်း၊ ဇနီးသည်အကြောင်းကိုလည်းကောင်း မမြင်မက်တော့။ အဘအို၏ စိတ်တို့သည် အနည်ထိုင်ကျကြလေပြီ။ ယခုဆိုလျှင် သူ့အိမ်မက်များထဲ၌ ရောက်ဖူးသောနေရာများနှင့် ကမ်းခြေသို့ ဆင်းတက်သော ခြင်္သေ့များအကြောင်းကိုသာ မြင်မက်၏။ ခြင်္သေ့များသည် ဆည်းဆာအချိန်၌ ကြောင်ကလေးများသဖွယ် ခုန်ပေါက်မြူးထူးကြပုံကိုလည်း ပြန်ပြောင်းမြင်မက်တတ်သည်။ အဘအိုသည် လူငယ်ကို ချစ်သလောက်ပင် ခြင်္သေ့များကို ချစ်ခင်လေသည်။ သို့သော် သူသည် လူငယ်ကို တစ်ခါမှထည့်၍ အိပ်မက်မမက်စဖူးချေ။ သူသည် အိပ်ရာမှ နိုးလာသောအခါ ပွင့်၍နေသောတံခါးပေါက်မှ လဆီသို့ လှမ်းကြည့်သည်။ နောက် သူ့ ဘောင်းဘီကို ဖြေလိုက်ပြီး ဝတ်သည်။ အိမ်ဘေးသို့ထွက်ကာ ကိုယ်လက်သုတ်သင်ပြီး လမ်းကလေးအတိုင်းတက်၍ သွားကာ လူငယ်ကို နှိုးလေသည်။ သူသည် နံနက်ခင်း အေးမြနေခိုက်မို့ ချမ်းကာ တုန်တတ်သည်။ တုန်ရင်းတဖြည်းဖြည်း နွေးလာရသည်။ ပြီးလျှင်ကား... လှေကိုလှော်ရသည်ဖြစ်သောကြောင့် မချမ်းနိုင်တော့ပြီ...။

လူငယ်နေသော အိမ်၏တံခါးမှာ သော့ခတ်မထားချေ။ အဘအိုသည် တံခါးကိုဖွင့်ပြီးနောက် ဖိနပ်မပါ ဗလာသက်သက် ခြေထောက်များနှင့် အသက်အသံမပြုဘဲ အိမ်ထဲသို့ ဝင်၏။ လူငယ်သည် ပထမဦးဆုံး

mgyoe.com

mgyoe.com


တွေ့ရသော အခန်းထဲ၌ ခုတင်တစ်လုံးနှင့်အိပ်သည်။ အခန်းမှာ ကျဆင်းနေပြီဖြစ်သော လ၏အရောင်ကြောင့် မှုန်တိမှုန်မွှားလင်း၍နေသည်။ အဘအိုသည် လူငယ်၏ ခြေထောက်ကိုကိုင်ကာ အသာအယာ လှုပ်နှိုးသည်။ လူငယ်သည် အိပ်ပျော်နေရာက နိုးလာကာ အဘအိုကိုကြည့်သည်။ သည်တော့မှ အဘိုးအိုသည် ခြေထောက်ကို ဆက်မလှုပ်ဘဲ ကိုင်ရုံသာ ကိုင်ထားရင်းက ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ လူငယ်သည် အိပ်ရာဘေးက ကုလားထိုင်ပေါ်၌ တင်ထားသော သူ့ဆောင်းဘီကို ဆွဲယူကာ ဝတ်လိုက်လေသည်။

အဘအိုသည် အိမ်ထဲက ပြန်ထွက်ခဲ့၏။ လူငယ်က နောက်က လိုက်ပါလာသည်။ သူသည် အိပ်ချင်မူးတူးပင် ရှိနေသေးသည်။ အဘအိုက လူငယ်၏ ပခုံးအသာပွေ့၍ ချော့လိုက်ရင်း "မင်းကိုလာပြီး နှိုးရတာ အားနာပါတယ်ကွာ" ဟု လေပြေထိုးလိုက်သည်။

"ဟာ... ကြံကြီးစီရာ... အဘကလည်း... လုပ်စရာရှိတာကိုတော့ လုပ်ရပေမပေါ့ဗျ"

နှစ်ယောက်သားလျှောက်ခဲ့ကြရာ... အဘအို၏ တဲစုတ်ကလေးသို့ ရောက်လာသည်။ လမ်းတစ်လျှောက်လုံး မှောင်မည်း၍နေသည်။ ထိုအကြားကပင် ဖိနပ်မပါသော တံငါအများပင်လျှင် ရွက်လိပ်များကို ထမ်းကာ ပရိယေသနအတွက် သွားလာလှုပ်ရှားနေကြရပေပြီ...။

အဘအို၏ တဲငယ်သို့ရောက်ခဲ့သောအခါ လူငယ်သည် တောင်းနှင့် ထည့်ထားသော ကြိုးခွေများကိုလည်းကောင်း၊ မှိန်းနှင့်မှိန်းအိမ်ကိုလည်းကောင်း ယူလိုက်သည်။ အဘအိုကမူ ရွက်တိုင်နှင့်ရွက်တို့ကို ယူကာထမ်းလိုက်သည်။

"အဘ... ကော်ဖီသောက်ဦးမလား"

လူငယ်ကမေး၏...။

mgyoe.com

mgyoe.com


"ပစ္စည်းတွေကို လက်ဦးဆုံးလှေပေါ်သို့ ပို့ကြမယ်လေ၊ ပြီးတော့မှ သောက်တာပေါ့"

သူတို့နှစ်ယောက်သား တံငါများအတွက် အစောကြီးဖွင့်လှစ်ရောင်းချသည့် ဆိုင်တစ်ဆိုင်ကိုသွားကာ နို့ဆီခွက်အလွတ်များနှင့် ကော်ဖီဝယ်၍သောက်ကြသည်။

"ညက... အဘ အိပ်ရရဲ့လား" ဟု လူငယ်ကမေး၏။ သူသည် အိပ်မငိုက်တော့သော်လည်း အိပ်ချင်မူးတူးကား ရှိ၍နေဆဲဖြစ်သည်။

"အေး... အိပ်ရပါတယ်ကွယ်...၊ အင်း ဒီကနေ့တော့ တို့လာဘ်ရွှင်လိမ့်မယ်ထင်တယ် မနိုလင်ရေ့"

"မနိုလင်" မှာ လူငယ်၏အမည်ဖြစ်လေသည်။

"ကျွန်တော်လည်း... အဲဒီလိုပဲ ယင်ပါတယ်...၊ ကိုင်း... ကျွန်တော်တို့ ငါးစာချိတ်ဖို့ ငါးသလောက်ပေါက်စလေးတွေ သွားယူကြစို့...၊ ကျွန်တော့် ပထွေးကတော့ သူ့ပစ္စည်းတွေကို သူတစ်ယောက်တည်း သယ်ချင်တယ်...၊ တခြားလူဆိုရင် ဘာမှ အသယ်မခိုင်းဘူး။ မယုံသင်္ကာရှိတတ်လိုက်တာ"

"ဒါပေမဲ့ တို့ကတော့ သူ့လိုမဟုတ်ပါဘူးကွာ...၊ မင်းငါးနှစ်သားအရွယ်လောက်ကတည်းက မင်းကို ငါ့ပစ္စည်းတွေ အသယ်ခိုင်းသားပဲ"

"ဟုတ်တာပေါ့အဘရဲ့...၊ ကိုင်း ကော်ဖီထပ်မှာသောက်ဦးလေ...၊ ကျွန်တော်တို့ ဒီဆိုင်မှာ အကြွေးရသားပဲ...။ ကျွန်တော် ငါးစာတွေ သွားယူလိုက်ဦးမယ်"

လူငယ်မာနိုလင်သည် ဖိနပ်မပါ။ ခြေဗလာသက်သက်ဖြင့် ကျောက်ခဲများပေါ်တွင် လျှောက်၍သွားလေသည်။ သူသွားနေရာမှာ ငါးစာများကို ထားသော ရေခဲတိုက်ဖြစ်လေသည်။

အဘအိုသည် သူ့ကော်ဖီကို ခပ်ဖြည်းဖြည်း သောက်နေလေ

mgyoe.com

mgyoe.com


သည်။ ဤကော်ဖီသည်သာလျှင် သူ၏ တစ်နေ့တာအဖို့ ရိက္ခာဖြစ်လေသည်။ ထို့ကြောင့် မကုန်ကုန်အောင် ကြိုးစား၍သောက်နေရခြင်းဖြစ်လေသည်။ အဘအိုသည် စားချင်သောက်ချင်စိတ်မရှိသည်မှာ အတော်ကြာခဲ့လေပြီ။ အဘအိုသည် ငါးဖမ်းထွက်ရာ၌ နေ့လယ်စာကို ဘယ်တော့မှ ယူမသွားချေ။ သူသည် လှေဦးချောင်တွင် ရေပုလင်းတစ်လုံးရှိသည်။ ရေတစ်ပုလင်းရှိလျှင် နေ့လယ်ပိုင်းအတွက် ဖူလုံလေပြီ။

လူငယ်မာနိုလင်ပြန်၍ ရောက်လာ၏။ သူနှင့်အတူ ငါးသလောက်ပေါက်စများအပြင် ငါးစာများလည်း ပါလာသည်။ နှစ်ယောက်သား လှေရှိရာသို့ ခြေသွားလမ်းကလေးအတိုင်း လာခဲ့ကြသည်။ ကျောက်စရစ်ခဲများနှင့် သဲများကိုနင်း၍ လာကြရသည်။

ခြေဖဝါးကို စူးသည့်နေရာက စူးသေးသည်။ နှစ်ယောက်သား လှေကိုမကာ ရေထဲသို့တွန်းထုတ်လိုက်ကြလေသည်။

"ကံကောင်းပါစေအဘအိုရေ့"

"အေးကွယ်... ကောင်းပါစေ"

ဤသို့ပြောပြီးနောက် အဘအိုသည် ခတ်တက်များကို နေရာတကျ ဆင်လိုက်သည်၊ ပြီးလျှင် ခတ်တက်များကို အားနှင့်ဖိ၍ ခတ်ရင်း မှောင်ကြီးမည်းမည်းတွင်ပင် ဆိပ်ကမ်းမှခွာထွက်၍ လာခဲ့လေသည်။ ကမ်းခြေ အခြားနေရာများမှာလည်း အခြားတံငါလှေများသည်လည်း သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် လုပ်ငန်းစရန် ခွာထွက်ကြပြီဖြစ်လေသည်။ လဝင်၍သွားပြီဖြစ်သောကြောင့် မှောင်၍နေသည်။ ထို့ကြောင့် အခြားလှေများကို မမြင်ရ။ သို့သော်... ခတ်တက်သံများကို ကြားရသောကြောင့် လှေများ ထွက်ကြပြီဖြစ်ကြောင်း သိရ၏။

တစ်ခါတစ်ရံ၌ အခြားလှေများက စကားပြောသံ တစ်ခွန်းစ နှစ်ခွန်းစကြား၏။ သို့သော်... များသောအားဖြင့် လှေများမှာ တိတ်ဆိတ်

mgyoe.com

mgyoe.com


နေသည့်သာများသည်။ ခတ်တက်သံမှတစ်ပါး ဘာမျှမကြားရချေ။ ပင်လယ်ကွေ့အဝကို လွန်ခဲ့သောအခါတွင် လှေများသည် ရေပြင်ကျယ်တွင် ဖြန့်ထွက်၍ သွားကြလေသည်။ လှေတိုင်းပင်လျှင် ငါးရနိုင်မည်ဟု ထင်သော ပင်လယ်ပြင်နေရာများဆီသို့ ဦးတည်ကာ သွားနေကြ၏။ အဘအိုသည် ပင်လယ်ပြင်ကျယ်ထဲသို့ ခပ်ဝေးဝေးသွားရမည်ဟု နားလည်ထား၏။ တဖြည်းဖြည်းနှင့် ကမ်းခြေမှ အနံ့အသက်တို့သည် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။ သမုဒ္ဒရာ၏ သန့်ရှင်းသော လေပြည်ထဲက နံနက်ခင်းရနံ့များကို ရှူရှိုက်ရစပြုလာချေပြီ။

လှေကိုခတ်၍ လာခဲ့ရင်း အဘအိုသည် မီးစုန်းကျောက်ဖြင့် တောက်ပနေသော ရေမှော်ဒိုက် သရောများကို ရေစီး၌ မြင်ရလေသည်။ သူဖြတ်ကျော်လှော်ခတ်နေသော နေရာမှာ တံငါများက "ရေတွင်းကြီး" ဟု ခေါ်ကြသောနေရာဖြစ်သည်။ ဤနေရာမှာ ရေအလံပေါင်း ခုနစ်ရာကျော်ကျော်သို့ ရုတ်တရက်နက်ရှိုင်းသွားသော နေရာဖြစ်သည်။ ၎င်းနေရာ၌ ရေစီးသန်ကာ ပင်လယ်ကြမ်းပြင်မှာ မတ်စောက်သော နံရံကြီးများရှိနေ၍ ဝဲကတော့ထိုးနေသည်။ ယင်းချိုင့်ကြီးအတွင်း၌ ပုစွန်ဆိတ်များ၊ ငါးမျှားစာငါးများနှင့် ရေသတ္တဝါအုပ်ကြီးများနေကြသည်။ နေ့လယ်အခါ၌ ရေအနောက်ဆုံးသောနေရာတွင် ခိုအောင်းတတ်ကြသော ရေပက်ကျိများသည် ညအချိန်သို့ ရောက်သောအခါ ပင်လယ်မျက်နှာပြင်သို့ တက်လာကြသည်။ ထိုအခါတွင် သွားလာလှည့်ပတ်နေကြသော ငါးများ၏ အစာဘဝသို့ ရောက်ကြရလေသည်။

မှောင်နှင့်မည်းမည်းပင် ဖြစ်နေစေကာမူ မိုးသောက်ရန် အားယူနေသောအရိုန်ကို အဘအိုသည် ရင်ထဲက ခံစားသိမြင်၍နေရသည်။ အဘအိုသည် လှေကိုခတ်ရင်းက ငါးပျံတစ်အုပ် ရေပေါ်သို့ ထ၍ပျံသည်ကို ကြားရသည်။ ကြားရသောအသံမှာ ငါးပျံဆူးတောင်များ လေကိုဖြတ်

mgyoe.com

mgyoe.com


၍ သွားစဉ်က ရှိရှိမြည်သော အသံဖြစ်သည်။ မှောင်ထဲတွင် ထိုအသံများ ပေါ်ထွက်နေ၏။ အဘအိုသည် ငါးပျံများကို အလွန်နှစ်လိုသူဖြစ်သည်။ အကြောင်းမှာမူ အဘအိုသည် ပင်လယ်ပြင်ကျယ်တွင် တစ်နေကုန် တစ်နေခန်း ကြိုးပမ်းရသူဖြစ်လေရာ ငါးပျံများသည်သာလျှင် အဘတို့၏ ထာဝရအဖော်သဟာများ ဖြစ်ကြလေသည်။ သူ၏အခြားအဖော်များ မှာကား ငှက်များဖြစ်သည်။ အချို့သော ပင်လယ်ငှက်များသည် အလွန် ငယ်သေး နုနယ်သော ပျံလွှားကလေးများ ဖြစ်ကြသည်။ ၎င်းငှက်ကလေး များသည် လူးလာဆန်ခတ် မရပ်မနား ပျံလွှားရှာဖွေကြသော်လည်း အစာကို ဝလင်အောင် ရှာ၍ရကြပုံမရချေ။ "အော်... ဒီငှက်ကလေးတွေ ရဲ့ ဘဝဟာ တို့ဘဝထက်တောင် ပင်ပန်းခဲယဉ်းပါသေးကလား...။ ငှက်ရဲတွေနဲ့ ခပ်ကြီးကြီး ငှက်တွေလောက်သာ အစာဝဝစားကြရတယ်။ ပျံလွှားငယ်ကလေးတွေဟာ အင်မတန်နုနယ်ကြတယ်။ ပင်လယ်ပြင် ကတော့ ကြမ်းတမ်းလှပါဘိသနဲ့။ ဘာပြုလို့များ ဒီလောက်နုနယ်တဲ့ ငှက်ကလေးတွေကို ဖန်ဆင်းထားကြပါလိမ့်" ဟု အဘအိုသည် ဝမ်းပန်း တနည်း တွေးမိတတ်လေသည်။ "ပင်လယ်ပြင်ဟာ... အင်မတန်လှပြီး ချစ်စရာသိမ်မွေ့နေရာက ရုတ်တရက် ခက်ထန်ကြမ်းကြုတ်လာတတ် တယ်။ ဒီပင်လယ်ပြင်မျိုးမှာမှ နုနယ်တဲ့ငှက်ကလေးတွေ ရှိတတ်ပလေ တယ်" ဟုလည်း တွေးမိပြန်၏။

အဘအိုသည် ပင်လယ်ပြင်နှင့်ပတ်သက်၍ "မိခင်အဏ္ဏဝါ" ဟု သဘောထားသည်၊ ခင်မင်သည်၊ အားကိုးသည်။ ပင်လယ်ပြင်ကို မြတ်နိုးသောသူတို့သည် တစ်ခါတစ်ရံ၌ ပင်လယ်ပြင်ကို သိရခက်ခဲ နက်နဲသော မိန်းမသားတစ်ယောက်လို သဘောထားကြသည်။ အကဲခတ်ကြသည်။ အချို့သော လူငယ်ပိုင်းတံငါများသည် ငါးမန်းဆီ များ ဈေးကောင်း၍ ပိုက်ဆံပေါ်သောအခါမျိုး၌ စက်တပ်မော်တော်ဘုတ်

mgyoe.com

mgyoe.com


များကို ဝယ်၍သုံးကြသည်။ ကြီးမားသော ဆောကြီးများကိုသုံး၍ ပိုက်ချကြသည်။ ယင်းသည်လူသိုက်ကမူ ပင်လယ်ပြင်ကို ယှဉ်ပြိုင်ဘက်၊ အားပြိုင်ဘက်တစ်ဦးကဲ့သို့ မလိုတမာသဘောထားကြသည်။ သူနိုင်ငါနိုင် အစွမ်းပြိုင်ကြသည်။ တစ်ခါတစ်ခါတွင် ရန်သူဟူ၍ပင် အမှတ်ထားကြသည်။ သို့သော် အဘအိုကမူ ပင်လယ်ပြင်ကို မိန်းမသားတစ်ယောက်ကဲ့သို့သာ အမြင်ရှိသည်။ ပင်လယ်ပြင်သည် ပေးချင်လျှင် ရက်ရက်ရောရော ဒလဟောကြီးပေးတတ်လျက်၊ မပေးချင်သော အခါမျိုးတွင်ကား ကတတ်ပေကတတ်တရာ ကတ်သီးကတ်သတ်နိုင်လွန်းလှသည်။ မိန်းမတစ်ယောက်နှင့်မခြားပါပေတကား။ တစ်ခါတစ်ခါ၌ ပင်လယ်ပြင်သည် ရိုင်းစိုင်းသည်။ ပက်စက်သည်။ ကြမ်းကြုတ်သည်။ ကောက်ကျစ်သည်။ ယင်းသည်ပင် သူ့သဘာဝဖြစ်သည်။ တစ်ဖန် ပင်လယ်သည် မိန်းမနှင့်တူသော အခြားအချက်တစ်ချက်မှာကား လထွက်သောအခါ မိန်းမတို့ ဂနာမငြိမ်သလို လထွက်သောအခါ ပင်လယ်သည် ဂနာမငြိမ်ဘဲ ဒီတက်ရခြင်းပင် ဖြစ်လေသည်။

ဘအိုသည် ခပ်မှန်မှန်လှေကိုခတ်သည်။ သူသည်မပင်ပန်းလှ။ သူ့အင်အားတတ်နိုင်သလောက်သာ ခတ်၍သွားရာ ဝန်နှင့်အား မြားနှင့်လေးဆိုသလို... သက်သောင့်သက်သာပင် ရှိသည်။ ပင်လယ်ရေမျက်နှာပြင်ကလည်း ငြိမ်လှသည်။ တစ်ခါတစ်ခါကျမှသာ ဝဲကတော့များနှင့် တွေ့ရသည်။ နေရောင်ပို၍ တက်လာသောအခါ၌ ဘအိုကြီးသည် အချိန်နှင့်စာလိုက်လျှင် မိမိရည်မှန်းထားသည်ထက်ပို၍ ခရီးပေါက်ရောက်လာကြောင်းကို သတိထားမိလေသည်။

"ဒီတစ်ပတ်လုံးတော့... ရေအနက်ဆုံးနေရာမှာ... ငါအလုပ်လုပ်မယ်...၊ ဒီကနေ့ ငါးအုပ်တွေ ဘယ်မှာရှိတယ်ဆိုတာကို ငါစုံစမ်းမယ်...၊ ငါးအတော်ကြီးကြီးတစ်ကောင်ဟာတော့... ငါးအုပ်ထဲမှာ ရှိမှာပဲ"

mgyoe.com